# အမေရိကန်ပြည်ထောင်စု၊ တက်ဆက်ပြည်နယ်မြို့တော်၊ အော်စတင်မြို့၊
# သီတဂူဗုဒ္ဓဝိဟာရ ကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော်
# ဘဒ္ဒန္တ ဒေါက်တာ အရှင်အရိယဓမ္မ ၏ ထေရုပ္ပတ္တိအကျဉ်း

၁။ ဘွဲ့တော် – အရှင်အရိယဓမ္မ

၂။ ကျောင်းတိုက် – သီတဂူဗုဒ္ဓဝိဟာရ

၃။ မွေးသက္ကရာဇ် – ခရစ် သက္ကရာဇ် ၁၉၆၀ ခု၊ မေလ၊ ၁၅ ရက်၊
မြန်မာ သက္ကရာဇ် ၁၃၂၂ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊

၄။ သာသနာဝင်အမှတ် – ၉ အမရ (သ) ၀၀၁၃၂၈

၅။ ဇာတိရပ်ရွာ – ကျောင်းကုန်းရွာ၊ ငါးဖယ်အင်း ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း၊

၆။ ခမည်းတော်၊ မယ်တော်တို့၏အမည် နှင့် အလုပ်အကိုင် – ဦးထွန်းမှင် ၊ ဒေါ်ပို
(မှင်ပိုဆန်စက်)

၇။ ရှင်ရဟန်းပြုခြင်း – မြန်မာ သက္ကရာဇ် ၁၃၄၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊
ခရစ် သက္ကရာဇ် ၁၉၈၆ ခု၊ အောက်တိုဘာလ၊ ၁၉ ရက်၊ တနင်္ဂနွေနေ့ ၌
သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ၊ ကျောင်းကုန်းရွာ၊ ငါးဖယ်အင်း ကျေးရွာအုပ်စု၊
တောင်ငူမြို့နယ်၊ ပဲခူးတိုင်း၊ ခဏ္ဍာသိမ် ၌ သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ
ဆရာတော်၊ "အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစက္က" ကို ဥပဇ္ဈာယ်ပြု၍
မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၈။ စာပေသင်ယူခြင်း –
ကျောင်းကုန်း (အ၊မ၊က) ၌ ၅နှစ်၊ နတ်စဉ်ကုန်း (အ၊ထ၊က) ၌ ၄နှစ်၊
တောင်ငူမြို့ ့အမှတ် (၁) (အ၊ထ၊က) ၌ ၂နှစ်၊ ပဲခူးမြို့၊ ပဲခူးဒေသကောလိပ်၌ ၂နှစ်၊
ရန်ကုန်မြို့၊ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ၌ ၂နှစ်၊
အမရပူရမြို့၊ မဟာဂန္ဓာရုံ ကျောင်းတိုက် ၌ ၄ နှစ်၊

စစ်ကိုင်းမြို့၊ ရွှေဟင်္သာ တိုက်သစ်၌ ၅နှစ်၊
စစ်ကိုင်းမြို့၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ၂နှစ်၊
အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့၊ ဘုံဘေတက္ကသိုလ်၌ ၂နှစ် ၊ အသီးသီး ပညာသင်ယူခဲ့ပါသည်။

၉။ အောင်မြင်ခဲ့သောစာမေးပွဲများနှင့်အောင်မြင်ခဲ့သောခုနှစ် –

B.Sc. (Zoology) (1982), M.A.(Philosophy) (2000),
Ph.D. (Philosophy) (2004),
ဓမ္မာစရိယ၊ ဝိနယဝိဒူ (၁၉၉၅)

၁၀။ သံဃာ့အဖွဲ့ အစည်းတာဝန် (လက်ရှိ) –

- အမေရိကန်ပြည်ထောင်စု၊ တက်ဆက်ပြည်နယ်မြို့တော်၊ အော်စတင်မြို့၊ သီတဂူ ဗုဒ္ဓဝိဟာရ ကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော်၊
- Vice President of Texas Buddhist Council
- သီတဂူ သာသနာပြုအဖွဲ့၊ မြောက်အမေရိကတိုက် ၏ တာဝန်ခံဆရာတော်၊
- သီတဂူ ဝန်ဆောင်သံဃာအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊
- သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းမြို့၏ ပါမောက္ခဆရာတော်
- သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ၊ တောင်ငူမြို့၊ ဗုဒ္ဓ ဓမ္မ သံဃာ့ ဝေယျာဝစ္စ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်၊
- သောင်ကုန်းကျောင်း သာသနာ့ရိပ်သာနှင့် ရိပ်သာခွဲများ၏ ဝန်ဆောင်သံဃာအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊
- သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ၊ တောင်ငူမြို့၏ နာယကဆရာတော်၊
- ဇီးဖြူပင် သာသနာ့ရိပ်သာ၊ တောင်ငူမြို့၏ ပဓာန နာယကဆရာတော်၊
- အရိယာဝါသ ဓမ္မရိပ်သာ၊ ကလောမြို့၏ ပဓာန နာယကဆရာတော်၊

၁၂။ သာသနာပြုဆောင်ရွက်ချက်များ –

အမရပူရမြို့၊ မဟာဂန္ဓာရုံ ကျောင်းတိုက် ၌ကျောင်းရုံးခန်းတာဝန်ခံ နှင့် စာချတာဝန်များ၊
စစ်ကိုင်းမြို့၊ ရွှေဟင်္သာ တိုက်သစ်၌ ကျောင်းဘုန်းကြီးတာဝန် နှင့် စာချတာဝန်များ၊
စစ်ကိုင်းမြို့၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ နည်းပြ၊ မော်ကွန်းထိန်း လက်ထောက် ၊ ပါမောက္ခချုပ် လက်ထောက် တာဝန်များ၊
သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ၊ တောင်ငူမြို့၊
ဇီးဖြူပင် သာသနာ့ရိပ်သာ၊ တောင်ငူမြို့၊
အရိယာဝါသ ဓမ္မရိပ်သာ၊ ကလောမြို့ တို့၏ ကမ္မဋ္ဌာနာ စရိယ တာဝန်များ၊

၂၀၀၄ ခုနှစ်တွင် ဓမ္မာလောက ကျောင်းတိုက်၊ မီရမာမြို့( Miramar) ဖလော်ရီဒါပြည်နယ် ၏ ကျောင်းထိုင်ဆရာတော် အဖြစ် ၁နှစ် သီတင်းသုံး၍ သာသနာပြုခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် ကလောမြို့၌ "အနန္တဇိနစေတီ"၊ "မဟာသဒ္ဓမ္မဇောတိကာသိမ်တော်"နှင့် "အရိယာဝါသ ဓမ္မရိပ်သာ" ကို တည်ထား အောင်မြင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ၊ တောင်ငူမြို့ ၌ "မဟာသဒ္ဓမ္မဇောတိကာသိမ်တော် "နှင့် "၂ ထပ်ယောဂီဆောင်ကြီး " ၂၀၁၈ ခုနှစ်တွင် " ဓမ္မဇောတိကာ မဟာဓမ္မဝိမာန်တော်ကြီး "၊ ၂၀၂၀ ခုနှစ်တွင် "သဒ္ဓမ္မဝိဟာရ ၂ ထပ် ကျောင်းဆောင် " ၂၀၂၁ ခုနှစ်တွင် "ဒေါ်စတင်ဘောဇနသာလာ ဆွမ်းစားကျောင်း"တို့ကို တည်ဆောက် အောင်မြင်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၊ တက်ဆက်ပြည်နယ်မြို့တော်၊ အော်စတင်မြို့၊ သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် နှင့် သီတဂူသာသနာပြုအဖွဲ့၊ မြောက်အမေရိကတိုက် ၏ တာဝန်ခံဆရာတော် အဖြစ် ၁၆ နှစ်တိုင်တိုင် ဆောင်ရွက်နေဆဲဖြစ်၍ ၁၆ ကေကျယ်ဝန်းသော ကျောင်းပရဝုဏ်(ဝုံ) အတွင်း၌ ဉာဏ်တော် ၅၄ ပေမြင့်သည့် သီတဂူရွှေစည်းခုံစေတီတော်၊ ဓမ္မာရုံ၊ စာကြည့်တိုက်၊ ကမ္မဋ္ဌာန်း ကျောင်းဆောင်များ – စုစုပေါင်း အဆောက်အဦး ၅၀ ခန့်ဖြင့် သာသနာနှင့် နိုင်ငံ့ ဂုဏ်ဆောင် ကျောင်းတိုက်ကြီး ကို သီတဂူဆရာတော်ကြီးကို အမှူးထား၍ တည်ထောင် အောင်မြင်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု နှင့် ကနေဒါ နိုင်ငံတို့ ၌ သီတဂူဗုဒ္ဓဝိဟာရ (Texas)၊
သီတဂူဓမ္မဝိဟာရ (Minnesota)၊ သီတဂူသံဃာ့ဝိဟာရ (Florida)၊
မြန်မာဗုဒ္ဓ ဘာသာ ကျောင်း (Calgary, Canada)
တို့ကို သီတဂူဆရာတော်ကြီးကို အမှူးထား၍ တည်ထောင် ပါဝင်ခဲ့ပါသည်။

University of Texas, Austin ၌ UT Buddhist Association ၏ဖိတ်ကြားချက် အရ ဗုဒ္ဓတရားတော်များကို အခါအားလျော်စွာ ဟောကြားပါသည်။
Anderson High School စသည် တို့၌ Panel Discussion များတက်ရောက်၍ ဗုဒ္ဓတရားတော်များကို အခါအားလျော်စွာ ဆွေးနွေးပို့ချပါသည်။
Lutheran Church စသည်တို့၌ ဗုဒ္ဓတရားတော်များကိုအခါအားလျော်စွာဆွေးနွေး

ပို့ချပါသည်။

Sunday School များဖွင့်လှစ်၍ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ မြန်မာစာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ သင်ကြားပေးပါသည်။

ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်၊ ဖိုးသူတော်ဝတ်ပွဲများ၊ လစဉ်မြန်မာ့ရိုးရာ ရာသီပွဲတော်များ၊ သာရေး၊ နာရေး၊ လူမှုရေးရာများ ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေပါသည်။ ကျောင်းကုန်း (အ၊မ၊က) ကျောင်းဆောင်သစ်၊ ထွန်းသစ္စာ စာကြည့်တိုက်၊ ရေသန့်စက်၊ သန့်စင်ခန်းများ၊ ကွန်ပြူတာခန်း၊ ကျေးရွာလမ်း၊ တံတား၊ ကျေးရွာလျှပ်စစ်မီးလိုင်း၊ သိမ်၊ ကျောင်း၊ ၂ထပ်ယောဂီဆောင်၊ ဓမ္မာရုံ စသည့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ဖွံ့ဖြိုးရေး၊သာသနာရေး လုပ်ငန်းများကို ဦးဆောင်စည်းရုံး ဆောင်ရွက်အောင်မြင်ခဲ့ပါသည်။

သီတဂူဝတ်ရွတ်စဉ်၊ ဓမ္မစကြာ နှင့် အနတ္တလက္ခဏသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ ပရိတ်ကြီး၊ အမှတ်တရဆောင်းပါးများ၊ News Letters သတင်းလွှာများ "A Comparative Study of Meditation in Patanjali's Yoga Sutra and Buddhist Text" အမည်ရှိကျမ်းစာ စသည်တို့ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

၂၀၁၄ ခု၊ ဇန်နဝါရီလ ၄ ရက်၊ ၆၆နှစ်မြောက် လွတ်လပ်ရေး နေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ က " မဟာသဒ္ဓမ္မဇောတိကဓဇ " ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရပါသည် ။

၂၀၁၉ခု၊ ဇန်နဝါရီလ ၄ ရက်၊ ၇၁နှစ်မြောက် လွတ်လပ်ရေး နေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ က "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရပါသည် ။ ။